နိုင်ငံခြား စာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

၂၀၁၇ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

စိတ်ကြိုက်မြန်မာစာ — ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) သားသက်ဝေ ဝတ္ထုတိုမှဇာတ်ဆောင်မောင်မြစ်၏သင်ခန်းစာယူဖွယ်ဖြစ်ရပ်ကိုဖြေဆိုပါ။ (၁၀မှတ်)

(သို့မဟုတ်)

ရောင်းခါစ ဝတ္ထုတိုတွင် အခြေအနေအရလူတို့၏ စိတ်နေသဘောထား ပြောင်းလဲ
တတ်ကြောင်းကိုမည်သို့တင်ပြထားသနည်း။

(ခ) အာဇာနည်မိခင် ပြဇာတ်မှအာဇာနည်မိခင်၏ဂုဏ်ယူဖွယ်စိတ်ဓာတ်ကို ဖော်ပြပါ။ (၁၅မှတ်)

(သို့မဟုတ်)

မြေပိုင်ရှင်ဦးကံကောင်းနှင့်သမီးများ ပြဇာတ်မှဟာသမြောက်အဖွဲ့များကိုဆွေးနွေး
တင်ပြပါ။

၂။ (က) အောက်ပါတို့မှ နှစ်ခုကို သံဝရပျို့အရ ရှင်းပြပါ။ (၁၀မှတ်)

(၁) အငယ်တည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်ဟု။

(၂) သံဝရကုမာ၊ စောမင်းလျာကား၊ နာနာသိပ္ပ၊ တတ်ကုံလှ၍။

(၃) မည်တော်သံဝရ၊ မင်းသားလှလျှင်၊ ဆုံးမဆရာ၊ သင်တိုင်းနာ၍။

(၄) ရွှေလှော်မင်းစံ၊ အသွေးခံသို့၊ နက်တံလေးလျှင်၊ စမ်းစေချင်၏။

(ခ) မြတ်စွာဘုရားရှင်သည်အဘယ်ကြောင့် သံဝရဇာတ်ကိုဟောတော်မူရသနည်း။ (၁၅မှတ်)

(သို့မဟုတ်)

သံဝရပျို့မှလူမှုနယ်ပယ်အသီးသီးကိုထင်ဟပ်စေသောဥပမာအလင်္ကာများကိုဖော်ပြပါ။

၃။ (က) အောက်ပါတို့မှ နှစ်ခု အကြောင်းကို မှတ်စုရေးပါ။ (၁၀မှတ်)

လေးချိုး၊ လွမ်းချင်း၊ ခွန်းထောက်၊ ချာထောက်ကာရန်။

(ခ) အောက်ပါကဗျာ၏ အမျိုးအမည်ကိုဖော်ပြ၍ ကာရန်ယူပုံကို သင်္ကေတဖြင့် ရှင်းပြပါ။ (၁၅မှတ်)

ပျိုလေးတို့အိမ်ဦး၊ ဆတ်သွားဖူးတဲ့တစ်ရုံနှစ်ရုံ၊ ကျေးတွေကအုံ။ မအုံပါနှင့်ကိုရွှေကျေး။
ပျိုတို့မောင် ရှင်လိုင်ပြန်တော့၊ နားပန်ဖို့လေး။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၁၀မှတ်)

(၁) ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းလာသည့်နန်းတွင်းဇာတ်ကြီးများကိုဖော်ပြပါ။

(၂) ဦးမြမ့်ရေးသားခဲ့သောစရီးသွားမှတ်တမ်းကိုဖော်ပြပါ။

(၃) မှန်နန်းရာဇဝင်ကိုမည်သည့်နေရာတွင်ရေးသားခဲ့သနည်း။

(၄) မြန်မာဘာသာစကားကိုမြန်မာ့နည်း၊မြန်မာ့ဟန်နှင့်ဖွင့်ဆိုခဲ့သောကျမ်းအမည်ကိုဖော်ပြပါ။

(၅) မော်လမြိုင်မြို့၌အစောဆုံးထုတ်ဝေခဲ့သောသတင်းစာအမည်ကိုဖော်ပြပါ။

(၆) ညတွင်းချင်းကပြနိုင်သောဇာတ်များကိုရေးသားခဲ့သည့်ပြဇာတ်ဆရာတစ်ဦးကိုဖော်ပြပါ။

(၇) တရုတ်သံရောက်မော်ကွန်းကိုမည်သည့်မင်းလက်ထက်တွင်ရေးသားခဲ့သနည်း။

(၈) ဦးကြင်ဥ၏ညည်းချင်းများတွင်မည်သည့်အဖွဲ့များကိုပေါ်လွင်စွာတွေ့ရသနည်း။

(ခ) ကုန်းဘောင်ခေတ်သုတစာပေများအကြောင်းဆွေးနွေးပါ။ (၁၅မှတ်)

(သို့မဟုတ်)

မြန်မာစာပေသမိုင်းမှ ကိုလိုနီခေတ်ပြဇာတ်များအကြောင်း ဆွေးနွေးပါ။